
# ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း
# အမျိုးသမီးများဆိုင်ရာ အချက်အလက်




| | |
|---|---|
| ဖမ်းဆီးထိန်းသိမ်းခံထားရသူ | ၃,၃၃၂ |
| သေဆုံးသူ | ၈၀၆ |
| ပြစ်ဒဏ်ချမှတ်ခံထားရသူ | ၇၈၁ |

အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုကာလ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့မှ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့အထိ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း စသည့် အရပ်သားများအား နည်းမျိုးစုံဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်း တို့ကြောင့် **အမျိုးသမီးသေဆုံးသူ အရေအတွက် (၈၀၆)ဦး** အထိ ရှိခဲ့သည်။

ဖေဖော်ဝါရီလ (၂၈) ရက်နေ့အထိ အကြမ်းဖက်စစ်တပ်ဘက်မှ **ဖမ်းဆီးထိန်းသိမ်းထားသည့် အမျိုးသမီး (၃,၃၃၂) ဦး**အထိ ရှိနေဆဲဖြစ်ပြီး ၎င်းတို့အနက် **အမျိုးသမီး (၇၈၁) ဦးသည် ပြစ်ဒဏ်ချမှတ်ခံထားရသူများ** ဖြစ်ကြသည်။

# ဖမ်းဆီးထိန်းသိမ်းခံထားရသည့် အမျိုးသမီးများ၏ ဒေသအလိုက်အရေအတွက်ပြပုံ

(၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈) ရက်နေ့အထိ)



မန္တလေးတိုင်း - ၅ဦး

ရှမ်းပြည်နယ် - ၁ဦး


ရန်ကုန်တိုင်း - ၆ဦး

တနင်္သာရီတိုင်း - ၅ဦး

**၁၇ ဦး**
စုစုပေါင်း

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈) ရက်နေ့အထိ အမျိုးသမီး(၁၇)ဦးကို အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးထိန်း သိမ်းခဲ့သည်။ ထိုကဲ့သို့ ဖမ်းဆီးခံရသည့် အမျိုးသမီးအများစုသည် လူမှုကွန်ယက်စာမျက်နှာတွင် သတင်းမှားများ ဖြန့်ဝေခြင်း၊ ရေးသားဖော်ပြခြင်းကြောင့် ဆိုသည့် စွပ်စွဲချက်များဖြင့် ဖမ်းဆီးခံရသည်။ အလားတူ မြောက်ခရမ်းရွာတွင် အမျိုးသား (၂)ဦးအား မီးရှို့သတ်ဖြတ်မှုဖြစ်သွားခဲ့သည့် သတင်းကို ရေးသားဖြန့်ဝေခဲ့ခြင်းကြောင့် ဖမ်းဆီးခံရသူများလည်းရှိသည်။ အချို့မှာ တော်လှန်ရေးတပ်ဖွဲ့ဝင်များဖြစ်သည်ဟူသော စွပ်စွဲချက်များ၊ အာဏာဖီဆန်လုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့်ဟူသော စွပ်စွဲချက်များနှင့် ဖမ်းဆီးထိန်းသိမ်း ခံရခြင်းဖြစ်သည်။ ဖမ်းဆီးခံရသူများသည် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ တနင်္သာရီတိုင်း နှင့် ရှမ်းပြည်နယ် တို့မှဖြစ်သည်။

# အမျိုးသမီးသေဆုံးသူများ၏ အကြောင်းအရင်းအလိုက် အရေအတွက်ပြပုံ




၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့မှ (၂၈)ရက်နေ့အတွင်းတွင် အမျိုးသမီး (၃၀)ဦးအထိ အသက်ဆုံးရှုံးခဲ့သည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့် အမျိုးသမီး (၉)ဦးသည် အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများ နေအိမ်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် လက်နက်ကြီးထိမှန်၍ သေဆုံးခဲ့ရခြင်း ဖြစ်သည်။ အခြားအမျိုးသမီး (၇)ဦးသည် အကြမ်းဖက်စစ်တပ်ဘက်က ဝေဟင်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည့်အပြင် ကျန် (၅)ဦးသည် အကြမ်းဖက်စစ်တပ်တပ်ဖွဲ့ဝင်များ၏ ပစ်သတ်ခြင်းကြောင့်အသက်ဆုံးရှုံးခဲ့ရသည်။ အမျိုးသမီး (၅)ဦးသည် အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးထိန်းသိမ်းစဉ်အတွင်း ပစ်သတ်ခံခဲ့ရပြီး ကျန်(၃)ဦးသည် အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးထိန်းသိမ်းစဉ် အတွင်း နှိပ်စက်ခံရ၍ သေဆုံးခဲ့ရသည်။ အမျိုးသမီး (၁)ဦးမှာ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခံရပြီး သေဆုံးခဲ့ရကြောင်း တွေ့ရှိရပါသည်။ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးများသည် စစ်ကိုင်းတိုင်းဒေသကြီးမှ (၁၅)ဦးဖြင့် အမျိုးသမီးသေဆုံးသူ အများဆုံးဒေသဖြစ်ပြီး (၆)ဦးဖြင့် ဒုတိယအများဆုံး ဒေသမှာ ပဲခူးတိုင်းဒေသကြီးဖြစ်သည်။

ယခုအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(အေအေပီပီ)၏ အချက်အလက်များကို မှီငြမ်းကိုးကားခြင်းနှင့် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှ ပြန်လည်စုစည်း ကောက်နှုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ သတင်းအချက်အလက်စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများရှိသဖြင့် လက်တွေ့မြေပြင်အခြေအနေတွင် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

## မြန်မာ့အမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org